# လွန်ချီကျေးရွာ
# ဆင်ပေါင်ဝဲမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ( ၂၀၁၇ – ၂၀၂၁ )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွန်ချီကျေးရွာ ၊ ဆင်ပေါင်ဝဲမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ မတ်လ

## မာတိကာ


မာတိကာ ၁

စကားချီး ၄

လွန်ချီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆင်ပေါင်ဝဲမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိ\

ခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်းအဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစားများ
ဇယား ၃၉ ကျား–မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ(၂)**

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၅

ကိုးကားစာရင်း ၈၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၈၁

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၈၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လွန်ချီကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက် လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ ၊ ၂၀၁၈ ခုနှစ် ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွန်ချီကျေးရွာ ၊ ဆင်ပေါင်ဝဲမြို့နယ်

# လွန်ချီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆင်ပေါင်ဝဲမြို့နယ်




**ရည်ညွှန်း** – လွန်ချီကျေးရွာ၊ ကျွန်းကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီ အစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဆင်ပေါင်ဝဲမြို့နယ်သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းတည်ရှိ၍ (၇၉၁.၃၄) စတုရန်းမိုင် ကျယ်ဝန်းသော မြို့နယ် တစ်မြို့နယ် ဖြစ်ပါသည်။ ဆင်ပေါင်ဝဲမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ်နှင့် ၁၉ဒီဂရီ ၄၈ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၁ မိနစ်နှင့် ၉၅ ဒီဂရီ ၄၃ မိနစ်အကြားတွင် တည်ရှိပါသည်။ ဆင်ပေါင်ဝဲမြို့နယ်သည် အရှေ့ဘက် တွင် လယ်ဝေးမြို့နယ်၊အနောက်ဘက်တွင် မင်းလှမြို့နယ်၊တောင်ဘက်တွင် အောင်လံမြို့နယ်၊ သရက်မြို့နယ်နှင့် ထိစပ် နေပါသည်။

ဆင်ပေါင်ဝဲမြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းတွင်တည်ရှိ၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုတွင် တည်ရှိပါသည်။ အမြင့်ဆုံး အပူချိန်မှာ ဧပြီလတွင် ၃၉ °C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၆ °C ဖြစ်ပါသည်။ (၁၀) နှစ်တာကာလအတွင်း တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၂၂) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉.၁၄) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇွန်လ ဖြစ်ပါသည်။

လွန်ချီကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး ကျွန်းကျေးရွာ အုပ်စုတွင် ပါဝင်ပါသည်။ လွန်ချီကျေးရွာသည် ဆင်ပေါင်ဝဲမြို့၏မြောက်ဘက်တွင်(၁)မိုင်အကွာ တည်ရှိပြီး ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ဒေသ၏ တစ်နှစ်မိုးရေချိန်လက်မမှာ(၆၁)မှ(၈၁)ဝန်းကျင် ရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် လွန်ချီချောင်း ရှိပါသည်။ မြစ်ရေချောင်းရေတက်ချိန်တွင် ကျေးရွာ အတွင်းရေလွှမ်းမိုးမှုမရှိသော်လည်း ရေတိုက်စားမှုရှိသည်။ လယ်မြေနည်း၍ယာမြေများ သည်။စပါးစိုက်ပျိုးမှုနည်း၍ မြေပဲ၊နှမ်းနှင့်ပဲတီစိမ်း စိုက်ပျိုးမှုများသည်။ မြေပဲနှင့် နှမ်းသီးနှံများ မှာအဓိက စိုက်ပျိုးသည့် သီးနှံဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

လွန်ချီကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ ကျေးရွာ နံဘေးရှိ လွန်ချီချောင်းအတွင်းမှ ရရှိနိုင်သော သဲများကို ထုတ်ယူ သုံးစွဲနိုင်ခြင်းကလည်း ကျေးရွာ အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်သည့် အခြေအနေလည်း ဖြစ်ပါသည်။ ကျေးရွာ နံဘေးတွင် ဧရာဝတီမြစ်နှင့်လွန်ချီချောင်းရှိသဖြင့် ၎င်းရေကို အသုံးပြုကာတပိုင်တနိုင် စိုက်ပျိုးရေး လုပ်ငန်းများလုပ်ကိုင်နိုင်ပြီးနေ့စဉ်ဝင်ငွေရရှိသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

လွန်ချီကျေးရွာတွင် အိမ်ထောင်စု (၃၁၁) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၁၃၁) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၃.၆၃) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် လျော့နည်းမှု ရှိပါသည်။ သို့ရာတွင် အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၉) % ရှိသော ကြောင့် လူသားအရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင် ပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်း လမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၈၀) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၉) အိမ်သာရှိပြီး လယ် (၁၂) ဧကအထက် ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း အိမ်ကြီးအိမ်ကောင်း (တိုက်အိမ်၊သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ) ဖြစ်ပြီး လယ်ယာလုပ်ငန်းသုံး ကိရိယာ (နွား၊ရေစုပ်စက်) စသည်တို့ ပိုင်ဆိုင် ကြပြီး ကုန်စုံဆိုင်၊ ဂဟေဆော်ခြင်း စသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ အလယ်အလတ် အိမ်ထောင်စုမှာ(၄၂) စုရှိ၍ လယ် (၅ -၁၀) ဧက ကြားနှင့် ပိုင်ဆိုင်ကြပြီး လယ်ယာသုံး ကိရိယာ အနေဖြင့် နွား (အနည်းစုသာပိုင်ဆိုင်)ကို ပိုင်ဆိုင်ကြသည်။ အိမ်အခြေအနေမှာ သွပ်မိုး၊ ထရံကာအိမ်မှာ အများစုဖြစ်ကြသည်။

ဝင်ငွေနည်း မိသားစုများအနေဖြင့် လယ် (၅) ဧကအောက် ပိုင်ဆိုင်ကြပြီး လယ်ယာသုံး အဖြစ် နွားကို အသုံးပြု၍ လုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၁၈) စု ဖြစ်သည်။ အိမ်အခြေအနေမှာ သက်ကယ်မိုး၊ကြမ်းခင်းနှစ်ထပ် ဖြစ်ကြသည်။ အလွန်ဆင်းရဲသော မြေယာမဲ့အိမ်ထောင်စု (၂၄၂)စု ဖြစ်ပြီး ကျပန်းလုပ်သားများ ဖြစ်ကြသည်။ အိမ်အခြေအနေမှာ သက်ကယ်မိုး၊ကြမ်းခင်းတစ်ထပ် အိမ်အမျိုးအစားများ ပိုင်ဆိုင်ကြပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၂၄၈) စု ရှိသည့်အနက် (၂၃) အိမ်ထောင်စု မှာ (၃) လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၅၂) အိမ်ထောင်စုမှာ

(၃) လ နှင့် (၅) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည်ကို ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၂၄၈)စု၏ (၃၀%)ဖြစ်သောအိမ်ထောင်စု(၇၅)စုအား စားနပ်ရိက္ခာ ဖူလုံမှုဆန်းစစ်ချက်ရလဒ်အရသိရပါသည်။၎င်းအိမ်ထောင်စုများသည် ဆွေမျိုး၊ မိတ်ဆွေများ နှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ INGOs၊NGOsအဖွဲ့အစည်းများ နှင့် ဆွေမျိုးများထံမှ အထောက် အပံ့ယူခြင်း နည်းလမ်းများဖြင့်စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ၊မြေယာမဲ့ဆင်းရဲသားတောင်သူ များသည် အခြားမိသားစုများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည်ဖြစ်ရာ ဘေးအန္တရာယ် တစ်ခုခုနှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန် ခက်ခဲပါသည်။ မြစ်ကမ်းဘေးနေထိုင်သူများသည်မြစ်ကမ်းပါးပြိုခြင်းများကြုံတွေ့ရသဖြင့် ပြန်လည် ထူထောင်ရန် အခက်အခဲ ရှိနိုင်ပါသည်။ ဂဟေဆော်ခြင်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စုအနီးရှိ အိမ်ထောင်စုများအနေဖြင့် မတော်တဆ ဝါယာရှော့ ဖြစ်ပွားမှုအန္တရာယ်နှင့်ကြုံတွေ့နိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ကျေးရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းကြပြီး အာဟာရ ပြည့်ဝမှုရှိသည်။လွန်ချီကျေးရွာအတွင်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသေးပါ။ ကျန်းမာရေးဦးစီးဌာန၊INGOs ၊NGOs အဖွဲ့အစည်းများမှဟောပြောပွဲများပြုလုပ်ခြင်း ရှိသဖြင့် ကျန်းမာရေးအသိပညာများလက်လှမ်းမီသည်။အသေးစား ကျန်းမာရေး တစ်ခုခုဖြစ်ပွားပါက (၁)မိုင် ဝေးသောဆင်ပေါင်ဝဲမြို့နယ်ပြည်သူ့ဆေးရုံတွင်သွားရောက် ပြသကြပါသည်။ အကြီးစားကျန်းမာရေး အတွက်မူ (၃၂) မိုင်ဝေးသော အောင်လံမြို့နယ်ပြည်သူ့ဆေးရုံတွင် အဓိကထား၍ သွားရောက် ပြသပါသည်။ ယင်လုံအိမ်သာအား အိမ်ထောင်စု(၃၀၄)စု သုံးစွဲနိုင်ပြီး အိမ်ထောင်စု(၆၇)စု သည် အိမ်သာမရှိသောအိမ်ထောင်စုများဖြစ်ကြသည်။ရာသီအကူးအပြောင်းတွင်ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် သွေးလွန်တုပ်ကွေးရာဂါ ဖြစ်ပွားမှုအနည်းငယ်ရှိသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

လွန်ချီကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၁.၉) ရာခိုင်နှုန်း ရှိပါသည်။ လွန်ချီ ကျေးရွာတွင် အခြေခံပညာ မူလတန်းအဆင့်ရှိသူဦးရေ(၇၅၀)ဦး၊အလယ်တန်းအဆင့်ရှိသူ ဦးရေ (၁၈၀)ဦး၊ အထက်တန်းအဆင့်ရှိသူဦးရေ(၈၈)ဦးနှင့် တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ(၂၂)ဦး ရှိပါသည်။စာမတတ်သူဦးရေမှာ ကျား(၁)ဦး ၊မ(၂)ဦး စုစုပေါင်း(၃)ဦး ရှိပါသည်။ကျေးရွာတွင် မူလတန်း ကျောင်းသာခြင်း၊စားဝတ်နေရေးမပြေလည်ခြင်းကြောင့် အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်/ကောလိပ် အဆင့် ရှိသူဦးရေနည်းနေခြင်းဖြစ်သည်။

လွန်ချီကျေးရွာသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် စိုက်ပျိုးရေး လုပ်ငန်း (လယ်လုပ်ငန်း၊ ယာလုပ်ငန်း) တွင် လုပ်ကိုင်ကြသူမှာ (၈၃) အိမ်ထောင်စု ရှိပြီး စုစုပေါင်း အိမ်ထောင်စု၏(၂၆.၇)ရာခိုင်နှုန်းရှိပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၁၁)စုရှိပြီး

ပညာရေးဝန်ထမ်း(၁၂)ဦးရှိပါသည်။ကုန်စုံဆိုင်ငယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (ဆိုင်ကယ်ပြင်၊ ခေါင်းရွက်ဗျက်ထိုး၊ထီးပြင်၊ စက်ချုပ်၊လက်သမား၊ပန်းရံစသည့်)တွင်လုပ်ကိုင်နေကြသူအိမ်ထောင်စုမှာ(၂၇)စုရှိ၍ စုစုပေါင်းအိမ်ထောင်စု၏ (၈.၇) ရာခိုင်နှုန်းရှိပါသည်။ အုတ်ဖုတ်လုပ်ငန်း၊ဂဟေဆက်လုပ်ငန်းများဖြင့် အိမ်ထောင်စု(၄)စု အသက်မွေးနေကြပြီး အိမ်ထောင်စုပေါင်း(၁၇၅)စုသည် ကျပန်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ နိုင်ငံခြားသွားရောက်လုပ်ကိုင်ခြင်း ၊ကားမောင်းခြင်း၊မော်တော်မောင်းခြင်း၊ မီးသတ်ဝန်ထမ်း၊ကျန်းမာရေးဝန်ထမ်း၊NGOs အဖွဲ့အစည်းများတွင်ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသူများ ဖြစ်ကြဖြစ်သည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

လွန်ချီကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ (၇၈၂) ဦးရှိ၍ ကျား(၃၆၈) ဦးနှင့် မ (၄၁၄) ဦး ရှိသောကြောင့် အမျိုးသမီး လုပ်သားအင်အားမှာ အနည်းငယ်သာ ပိုပါသည်။ လုပ်သားခအနေဖြင့် အမျိုးသားများအတွက် တစ်နေ့ဝင်ငွေ ပျမ်းမျှ(၄၀၀၀) ကျပ်ရရှိ၍ အမျိုးသမီးများသည် တစ်နေ့ ပျမ်းမျှ (၃၅၀၀) ကျပ် ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း အလယ်တန်းအဆင့် စာတတ်မြောက်မှု တွင် အမျိုးသမီးဦးရေ နည်းပြီး ကျန်ပညာရေးအဆင့် အလိုက်တွင် အမျိုးသမီး ဦးရေမှာပိုမိုများပြားပါသည်။လွန်ချီကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းထားပြီး ရပ်ရွာ၏ ပညာရေး၊လူမှုရေး ကိစ္စများတွင် အမျိုးသမီးများကိုယ်တိုင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာအတွင်း အဖွဲ့အစည်းပေါင်း(၈)ဖွဲ့ ရှိပါသည်။အဖွဲ့အစည်းအားလုံးကိုကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရွှေလွန်ပရဟိတအဖွဲ့သည်သွေးလှူခြင်း၊ တရားပွဲများ ဦးဆောင် ကျင်းပခြင်း၊သာရေး၊နာရေးကိစ္စများတွင်ဦးဆောင်ပြုလုပ်ပါသည်။သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့သည် မိမိကျေးရွာနှင့်အနီးအနားရှိကျေးရွာများတွင် သဘာဝဘေးအန္တရာယ် တွေ့ကြုံရပါက ကူညီဆောင်ရွက်သည်။ လူငယ်ညီညွတ်ရေးအဖွဲ့သည် ကျေးရွာတွင်လူငယ်များပါဝင် ရမည့်အခန်းကဏ္ဍများတွင်ပါဝင်ဆောင်ရွက်သည်။ အမျိုးသမီးရေးရာအဖွဲ့ကို ထွေအုပ်မှ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ပညာရေး၊ကျန်းမာရေးကိစ္စရပ်များဆောင်ရွက်သည်။ အလှူအတန်းကိစ္စများတွင်လည်း ချက်ပြုတ်ရေးအဖွဲ့နှင့်အတူ ကူညီဆောင်ရွက်သည်။ဝတ်အသင်းအဖွဲ့ကို အမျိုးသား/အမျိုးသမီးများဖြင့်ဖွဲ့စည်းထားပြီး ဝါတွင်းကာလများ၊ အခါကြီးရက်ကြီးများ ၊ဘုရားပွဲများ တွင် ဝတ်ရွတ်ခြင်းများ ဆောင်ရွက်သည်။ဂေါပက

အဖွဲ့သည်ကျေးရွာအတွင်းတရားပွဲများကျင်းပရာတွင်အဓိကအခန်းကဏ္ဍမှပါဝင်သည်။ကျေးရွာတွင် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရန် မီးသတ်အဖွဲ့ကိုလည်းဖွဲ့စည်းထားသည်။

အဖွဲ့အချင်းချင်းကြား ဆက်သွယ်ဆောင်ရွက်မှု ရှိပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်သူများသည်စာရင်းဇယားများကိုထိန်းသိမ်းထားပါသည်။ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ် ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

လွန်ချီကျေးရွာတွင်စိုက်ပျိုးမြေဧကပေါင်း(၅၈၄)ဧကရှိပြီး အဓိက စိုက်ပျိုးသော သီးနှံများမှာ မြေပဲနှင့်နှမ်း စိုက်ပျိုးသည်။မြေပဲ၏ပျမ်းမျှအထွက်နှုန်းမှာ (၄၅)တင်းနှင့်နှမ်း၏ပျမ်းမျှအထွက်နှုန်း မှာ (၁၁)တင်းနှုန်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ပြီး စိုက်ပျိုးရေးကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင် အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည်။

လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွားများကိုသာ အသုံးပြုကြပြီး လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များကို ပိုင်ဆိုင်သည့် တောင်သူမိသားစု များမရှိပါ။ ထွန်စက်ကို တစ်နာရီလျှင် (၂၅၀၀၀) ကျပ်ဖြင့် နီးစပ်ရာကျေးရွာများမှငှားရမ်းအသုံးပြုရသည်။ ထို့ကြောင့် မိမိတို့ကျေးရွာရှိ တောင်သူများ အကျိုးဖြစ်ထွန်းမှု များနိုင်သည့် နည်းစနစ်များကို သော်လည်းကောင်း၊ ဈေးကွက်သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ ခြင်းဖြင့် သော်လည်းကောင်း စိုက်ပျိုးရေး ဗဟုသုတများ ပြည့်စုံကြွယ်ဝလာစေရန်အကူအညီပေးနိုင်မည့်အဖွဲ့အစည်းများ၊စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်း များရရှိနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်မည်ဆိုလျှင် တောင်သူမိသားစုများ၏ လူနေမှုဘဝ ပိုမိုချောင်လည် လာနိုင်မည် ဖြစ် ပါသည်။

စိုက်ပျိုးမြေဆီလွှာများအတွင်းသို့ သဘာဝမြေဩဇာများ၊ အပင်အကြွင်းအကျန်များ ပြန် လည်ထည့်သွင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်သည့် အလေ့အထများရှိသည့် အားလျော်စွာ စိုက်ပျိုး သီးနှံများနှင့် ကိုက်ညီသော ဘက်စုံ အာဟာရထည့်သွင်း နည်းစနစ်များ အတိုင်းကျင့်သုံးလာနိုင် မည်ဆိုလျှင် တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ထို့အပြင် ချေးငွေ များနှင့် ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကဲ့သို့ ချေးငွေဝန် ဆောင်မှုအဖွဲ့များမှ ကာလ ရှည်ချေးငွေများကို သင့်တော်သော အတိုးနှုန်းဖြင့် ရရှိမည်ဆိုလျှင် တောင်သူများသည် သီးနှံများကိုသိုလှောင်ထားပြီး ဈေးနှုန်းအမြင့်ကို စောင့်ဆိုင်းရောင်းချနိုင်မည် ဖြစ် ပါသည်။

လွန်ချီကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု အနည်းငယ်ရှိပြီး မြစ်ရေကျချိန်များတွင်သာလုပ်ကိုင်ကြ သည်။ ၎င်းလုပ်ငန်းလုပ်ကိုင်သောတောင်သူများအနေဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရှိကြပေ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လွန်ချီကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ကားမောင်းခြင်း၊အုတ်ဖုတ်ခြင်း၊ဝရိန်ဆော်ခြင်း၊ ခေါင်းရွက်ဗျက်ထိုး၊ လက်သမားလုပ်ငန်း၊စက်ချုပ်၊နိုင်ငံဝန်ထမ်းများနှင့် ကျပန်းလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ကျပန်းအလုပ်သမားများ၏ တစ်နေ့ဝင်ငွေသည် အမျိုးသား(၄၀၀၀)ကျပ် နှင့်အမျိုးသမီး(၃၅၀၀)ကျပ်ရရှိသည်။တောင်သူလုပ်ငန်း လုပ်ကိုင် ချိန်တွင် အလုပ်ရှိပြီးကျန်အချိန်များ တွင် အလုပ်မရှိပါ။အခြားဒေသများသို့သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။

ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရန် နည်း ပညာနှင့် အရင်းအနှီး မတည်ပေးခြင်း၊ ဈေးကွက်ဆိုင်ရာ သင်တန်းများပေးခြင်း၊ နည်းပေးလမ်းပြ၍ အစဉ်တစိုက် ကူညီဆောင်ရွက်ပေးခြင်း၊အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ပေးခြင်း၊ အတိုးနှုန်းသက်သာ သောချေးငွေကဏ္ဍများနှင့် ချိတ်ဆက်ပေးနိုင်မည်ဆိုပါကဝင်ငွေအခွင့်အလမ်းများ ရရှိပြီး လူနေမှုဘဝ များမြင့်မားလာနိုင်ပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

လွန်ချီစံပြကျေးရွာတွင်သစ်တောကြီးများမရှိသဖြင့် သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မရှိပါ။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်ရှိပြီးငါးဖမ်းပိုက်ဖြင့်သာဖမ်းသဖြင့် ငါးမျိုးကွဲများဆုံးရှုံးမှုမရှိပါ။လွန်ချီကျေးရွာသည် စံပြကျေးရွာဖြစ်သဖြင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ကြသည်။စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်း ကြောင့် ပိုးသတ်ဆေး နှင့်ဓါတုမြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာပျက်စီးမှုများရှိသည်။

### (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန်အဓိကအရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန Pact Myanmar၊Good Neighbours နှင့် အပေါင်ဆိုင်တို့ ဖြစ်သည်။ မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တောင်သူ(၉၃)ဦးကို ထုတ်ချေးပေးပါသည်။ ထုတ်ချေး သည့် ကာလမှာ (၆) လ ဖြစ်သည်။

မြို့နယ်သမဝါယမဦးစီးဌာနမှ အဖွဲ့ဝင်ဖြစ်လျှင် ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ တောင်သူ(၁၂၂)ဦးကို (၃၆၆)သိန်းထုတ်ချေးထားပါသည်။

Pact Myanmar အဖွဲ့မှ အသင်းသား(၁၄၀)ဦးကို စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (၁)ဦးလျှင်(၅၀၀၀၀၀)ကျပ်နှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နိုင် ရန် (၁)ဦးလျှင် (၁၀၀၀၀၀၀)ကျပ်ထုတ်ချေးပေးပါသည်။ထုတ်ချေးသူ(၁)ဦးလျှင် အာမခံ(၂)ဦးထားရှိ ပြီး (၂) ပတ်(၁)ကြိမ်အတိုးအရင်းဆပ်၍ စုစုပေါင်း (၂၅)ပတ်အတွင်းအကြေဆပ်ရပါသည်။

Good Neighbors အဖွဲ့မှ အသင်းသား(၇၆)ဦးကို စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် (၁၀၄၇၀၀၀၀)ကျပ်ထုတ်ချေးပေးထားပါသည်။

အောင်လံမြို့ရှိအပေါင်ဆိုင်များမှအပေါင်ခံပစ္စည်းဖြင့် (၃)ကျပ်တိုးချေးပေးပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

လွန်ချီကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိ၍ ကျောင်းသား၊ကျောင်းသူ (၁၁၂) ဦး တက်ရောက် ပညာသင်ကြားနေကြပါသည်။ လွန်ချီကျေးရွာ အခြေခံပညာ မူလတန်း ကျောင်းတွင် ဆရာ(၁)ဦး၊ဆရာမ(၄)ဦး၊ စုစုပေါင်း(၅)ဦး ရှိပါသည်။ တပည့်ဆရာအချိုးမှာ လုံလောက်မှုရှိပါသည်။ အခြေခံပညာ မူလတန်း ကျောင်းဆောင် မှာ ပေ ၁၂၀ အရှည်၊ အနံ ပေ ၃၀ ရှိသော တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး နှစ်ကာလကြာမြင့် သောကြောင့်အုတ်နံရံများကွဲအက်ကာ အန္တရာယ် အဆောင်အဖြစ်သတ်မှတ်၍ပညာရေးဦးစီးဌာနသို့တင်ပြပြီးဖြစ်ပါသည်။ ကျောင်းသုံး ပရိဘောဂများ အလုံအလောက်ရှိပြီး ကျောင်းအာဟာရတိုက် ကျွေးခြင်း၊ ကျောင်းကျန်းမာရေး ပညာပေး ဟောပြောပွဲ များကို ပညာရေးဦးစီးဌာန၊ Good Neighbors အဖွဲ့မှ နှစ်စဉ်ပြုလုပ် လျက်ရှိသည်။ ကျောင်းအားကစားကွင်း ရှိသော်လည်းအားကစားပစ္စည်းများအလုံအလောက်မရှိပါ။ အလယ်တန်း၊ အထက်တန်းကျောင်းသား/ကျောင်းသူများသည် ကျေးရွာမှ(၁)မိုင်ကွာ ဝေးသော ဆင်ပေါင်ဝဲမြို့နယ် ရှိ အထက်တန်းကျောင်းသို့ သွားရောက်တက်ရောက်ရပါသည်။ ဆင်ပေါင်ဝဲမြို့ သို့သွားရာလမ်းတွင် လွန်ချီချောင်းရှိသဖြင့် မိုးရာသီလွန်ချီချောင်းရေစီးသန်ချိန်တွင်ကျောင်းသား/ ကျောင်းသူများအနေ ဖြင့်ကျောင်းတက်ရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် လွန်ချီကျေးရွာမူလတန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ်ရောက်ရှိနိုင်မည်ဆိုပါကျေးရွာမှ အထက်တန်း တက်ရောက်နိုင်သူ ဦးရေများပြားလာပြီး ဘွဲ့ရသူဦးရေ များပြား လာကာ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက် လာလိမ့်မည်ဟု ယုံကြည် မျှော်လင့်ကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။ ယခုအခါ တွင် လွန်ချီကျေးရွာ၌အလယ်တန်း (၆၇) ဦး၊ အထက်တန်း (၃၁) ဦး နှင့် တက္ကသိုလ်တက်ရောက်သူ (၁၄) ဦး ဆက်လက်ပညာသင်ကြားလျှက် ရှိပါသည်။

လွန်ချီကျေးရွာအတွင်းတီဘီ၊ဆီးချို၊သွေးတိုး၊အသည်းရောဂါ(ဘီ၊စီ) ဖြစ်ပွားသူ အနည်းငယ် ရှိပြီးမိုးရာသီ နှင့် မြစ်ရေတက်ချိန်တွင်ကလေးများ၌ဝမ်းပျက်ဝမ်းလျှော၊သွေးလွန်တုတ်ကွေးရောဂါ များဖြစ်ပွားလေ့ရှိသည်။လွန်ချီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းလည်းမရှိသေးပါ။ ထို့ကြောင့် မြို့နယ် ကျန်းမာရေးဦးစီးဌာန ဖြင့် ချိတ်ဆက်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ချိတ်ဆက် တောင်းခံ ရန်နှင့် ကျန်းမာရေး ဝန်ထမ်းများ ရရှိရန် လိုအပ်နေပါသေးသည်။

အသေးစားကျန်းမာရေး တစ်ခုခုဖြစ်ပွားပါက (၁)မိုင် ဝေးသောဆင်ပေါင်ဝဲမြို့နယ်ရှိ ပြည်သူ့ဆေးရုံနှင့်အကြီးစားကျန်းမာရေးအတွက်မူ(၃၂)မိုင်ဝေးသောအောင်လံမြို့နယ်ပြည်သူ့ ဆေးရုံ တွင်အဓိကထား၍သွားရောက်ပြသပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ မကွေးမြို့ရှိ ပြည်သူ့ ဆေးရုံသို့သွားရောက်ပြသကြပါသည်။ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကိုကျန်းမာရေး ဦးစီးဌာနနှင့် Good Neighbours အဖွဲ့အစည်းမှ နှစ်စဉ်ပြုလုပ်ပေးသည့်အတွက် ကျန်းမာရေးအသိ ပညာများလက်လှမ်းမှီမှုရှိသည်။

ကျေးရွာအတွင်းတွင်မြစ်ရေတင်စနစ်ဖြင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်း စနစ်ကို အသုံးပြု ထားပြီးရေပြတ်လပ်မှုမရှိပါ။သောက်သုံးရေကို ကျေးရွာအိမ်ထောင်စု၏(၉၅%)သည် UN-Habitat မှထောက်ပံ့သော သဲရေစစ်အိုး ဖြင့်သန့်စင် အသုံးပြုပြီး ကျန်အိမ်ထောင်စု(၅%)သည် ကျောက်ချဉ်အသုံးပြုကာ သန့်စင်အသုံးပြုကြသည်။

ကျန်းမာရေးအသိပညာများလက်လှမ်းမီမှုရှိသဖြင့် အိမ်ထောင်စု၏(၈၀%)သည် ယင်လုံ အိမ်သာအသုံးပြုပြီး အိမ်ထောင်စု(၂၀%)သည် အိမ်သာမရှိသောအိမ်ထောင်စုများဖြစ်သည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လွန်ချီကျေးရွာရှိ လူငယ်များမှာ ကျေးရွာ၏ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် တက်တက်ကြွကြွပါဝင်လျှက် ရှိပါသည်။လူငယ်များအားကစားတွင်ထူးချွန်စေရန် ကျေးရွာရှိ အားကစားကွင်းအားကောင်းမွန်စွာပြုလုပ်ရန်နှင့် အားကစားပစ္စည်းပြည့်စုံစွာ ဖြည့်ဆည်းပေးရန် အဆိုပြုကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

လွန်ချီကျေးရွာ မှ ညံတောအင်းကျေးရွာချင်းဆက်မြေသားလမ်းရှိပြီးမိုးရာသီတွင်ကားများ သွားလာရန်ခက်ခဲပါသည်။ကျေးရွာတွင်းလမ်းများမှာမိုးရေတိုက်စားမှုကြောင့်ရိုးချောက်များ ဖြစ်ကာ ပျက်စီးနေပါသည်။

အဓိက ဆက်သွယ်ရေးယာဉ်များမှာ မော်တော်ဆိုင်ကယ်၊ကားနှင့်ထော်လာဂျီဖြစ်ပါ သည်။ စက်လှေအသုံးပြုသောအိမ်ထောင်စုများရှိပြီး မြစ်အနောက်ဘက်ကမ်းရှိကျေးရွာများသို့ ဈေးရောင်း ခြင်း၊သာရေး၊နာရေးကိစ္စများ သွားရောက်ရာတွင် အသုံးပြုသည်။ စက်ဘီးကိုလည်း သုံးစွဲ ပါသည်။ ဆင်ပေါင်ဝဲမြို့နယ် မဟာဓာတ်အားလိုင်းနှင့် (၁)မိုင်သာဝေးသော ကြောင့်တစ်ရွာလုံး လျှပ်စစ် မီးလင်းရေး ရရှိသည်။ကျေးရွာတွင်Ooredoo,Telenor,MPT ဖုန်းလိုင်းများ အသုံးပြုနိုင်ပါသည်။ အိမ်ထောင်စု၏(၅၀%)သည်စလောင်းအသုံးပြုနိုင်ပြီးSky Net ၊MWD Set Top Box၊ IPM၊ PSI လိုင်းများအား(၂၄)နာရီ ကြည့်ရှုနိုင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း မိသားစုများကြား သာမန်သဘောထား မတိုက်ဆိုင်မှုများကြောင့် တင်းမာမှု အနည်းအကျဉ်းသာ ရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

လွန်ချီကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၃၆၈) ဦး နှင့် မ (၄၁၄) ဦး၊ စုစုပေါင်း (၇၈၂) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၉.၁) % ရှိပါသည်။ လက်ရှိ အထက် တန်းပညာ တက်ရောက် သင်ကြားနေသူ (၃၁) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၄) ဦး၊ တက္ကသိုလ်ဘွဲ့ရ(၂၂)ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေ ပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းထားပြီး ရပ်ကျိုးရွာကျိုးများတွင် အမျိုးသမီးများ ဦးဆောင်စေခြင်းဖြင့် အမျိုးသမီးများ၏စွမ်းဆောင်မှုတိုးတက်လာမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့ဖွဲ့စည်းထားခြင်းကြောင့် ကျေးရွာတွင်ကျရောက် နိုင်သည့် သဘာဝဘေးများကို အချိန်မီကာကွယ်နိုင်မည်ဖြစ်သည်။

ကျေးရွာတွင် လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်သဖြင့် ထင်းကုန် သက်သာခြင်း၊ကျောင်းသား/ကျောင်းသူများ အတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက်အထောက်အကူပြုနေသည်။

လွန်ချီကျေးရွာသည် မြစ်ရေတင်စနစ်ဖြင့် အိမ်အရောက်ရေပေးရေးစနစ်ကို အသုံးပြုသဖြင့် ရာသီမရွေးရေကိုလုံလောက်စွာအသုံးပြုနိုင်ပါသည်။

ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကို ကျန်းမာရေးဦးစီးဌာနနှင့် Good Neighbors အဖွဲ့အစည်းမှနှစ်စဉ်ပြုလုပ်သဖြင့် ကျန်းမာရေးအသိပညာများလက်လှမ်းမှီမှုရှိသည်။ ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများကိုအလွယ်တကူလက်လှမ်းမှီနိုင်ပါသည်။

ကျေးရွာရှိ မူလတန်းကျောင်းမှာပျက်စီးနေသောကြောင့် ပညာရေးဦးစီးဌာနသို့ တင်ပြပြီး ဖြစ်ပါသည်။

လွန်ချီကျေးရွာတွင် မြေပဲနှင့်နှမ်းကို အဓိကအားထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေ၊

ရာသီဥတုအရ သင့်တော်ဖြစ်ထွန်းသည့်အတွက် မြေပဲနှင့် နှမ်းသီးလှည့် စိုက်ပျိုး နိုင်ပါသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးမှုပုံစံအရ စိုက်ပျိုးမြေ မြေဆီလွှာ အာဟာရမှာ လုံးဝကုန်းခမ်းသွားခြင်းမရှိပဲ အတန်အသင့်ပြန်လည်ပြည့်ဝလာသည်ဖြစ်ရာသီးနှံအထွက်နှုန်းများ သိသိသာသာ ကျဆင်းသွားခြင်း မရှိ၍ သီးနှံဈေးကွက်၏ ဈေးနှုန်းများ မြင့်မားလာမည် ဆိုပါက စီးပွားဖွံ့ဖြိုးလာမည့် အလားအလာ ကောင်းများ ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးနည်းပညာပေး ဟောပြောပွဲများကိုလည်းနှစ်စဉ် စိုက်ပျိုးရေးဦးစီးဌာနမှပြုလုပ်သဖြင့်တောင်သူများအတွက် စိုက်ပျိုးမှုနည်းပညာများရရှိနိုင် ပါသည်။

မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက်ကောင်းခြင်း၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများ အတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု အားလုံးနီးပါးသည်နွားကိုခိုင်းစေရန်မွေးမြူပြီး၊ အိမ်ထောင်စုအနည်းငယ်သည် ဝက်နှင့် ကြက်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူသည့် အလေ့အထများရှိခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာ အကျိုးပြုသကဲ့သို့ မိသားစုဝင်ငွေကိုလည်း ပိုမို ရရှိစေပါသည်။

လွန်ချီကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ဂဟေဆော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ လက်သမား၊ပန်းရံပြုလုပ်ခြင်း ၊လယ်ယာလုပ်ငန်းတွင်ကျပန်း လုပ်သား များအဖြစ်လည်းကောင်း အသက်မွေးဝမ်းကျောင်း ပြုကြရာ ကျေးရွာအတွင်း အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်နိုင်မည်ဆိုပါကအလုပ်အကိုင်အခွင့်အလမ်း များပြား လာမည်ဖြစ်သည်။

ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေ ဖြင့် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုး မကင်းကြသူများနှင့် နှစ်ရှည်လများ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်း ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

ကျေးရွာအိမ်ထောင်စု(၁)စုလျှင် ပျမ်းမျှ ဖုန်း(၁)လုံးအသုံးပြုနိုင်ပြီး အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ခြင်း၊ အိမ်ထောင်စု(၅၀%)နီးပါး စလောင်းအသုံးပြုနိုင်ခြင်းကြောင့်သတင်းအချက် အလက် များအချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လွန်ချီကျေးရွာတွင် ရွာတွင်းလမ်းများမှ မိုးရေတိုက်စားမှုကြောင့်ရိုးချောက် များဖြစ်ကာ ပျက်စီးနေပါသည်။ထို့ကြောင့် သဘာဝဘေးအန္တရာယ်(ဥပမာ-မီးဘေး)ကျရောက်ပါက ကားများသွား လာရန်အခက်အခဲရှိပါသည်။

လွန်ချီကျေးရွာ မှ ဆင်ပေါင်ဝဲမြို့သို့ သွားရာလမ်းရှိလွန်ချီချောင်းသည် ရေစီးသန်သဖြင့် ကျောင်းသာ/ကျောင်းသူများ၊ဈေးသည်များ၊ အရေးပေါ်လူနာများအတွက် မိုးရာသီတွင် သွားလာရန် ခက်ခဲသည်။ကျေးရွာတွင် မူလတန်းကျောင်းသာရှိခြင်း ၊ကျေးလက်ဆေးပေးခန်းမရှိခြင်း သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ကျေးရွာပတ်ဝန်းကျင်တွင် ရေဝတီမြစ်နှင့်လွန်ချီချောင်းရှိသဖြင့် မြစ်ကမ်းပါးပြိုခြင်း၊ ချောင်းကမ်းပါးတိုက်စားခြင်းများကြောင့် ကျေးရွာရှိလူနေအိမ်များနှင့်ယာမြေများပျက်စီး နိုင်ပါသည်။

မြေပဲနှင့်နှမ်းစိုက်ခင်းများတွင်လည်း ကြွက်ကဲ့သို့သော ပိုးမွှားများ ပြင်းပြင်းထန်ထန် ကျရောက် လေ့ ရှိသောကြောင့် သီးနှံအထွက်နှုန်းများကို ကျဆင်းစေ၍ မိသားစုအသက်မွေးဝမ် ကျောင်းလုပ်ငန်း များကို ဆိုးဝါးစွာ ထိခိုက်စေပါသည်။စိုက်ပျိုးရေးချေးငွေများ ရရှိနိုင်သော ဌာန၊ အဖွဲ့အစည်းများရှိသော်လည်း အချိန်မှီမထုတ်ချေးနိုင်ခြင်း၊ လုံလောက်စွာမချေးနိုင်ခြင်း၊ သွင်းအားစု များဈေးကြီးခြင်းတို့ကြောင့်တောင်သူများမှာ နှစ်စဉ် အကြွေးတင်လျက်ရှိသည်။လုပ်သားအနေဖြင့် ဈေးပိုပေးမှသာ ရရှိနိုင်သည်။

မွေးမြူရေး ဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှု မရှိခြင်းကြောင့် လွန်ချီကျေးရွာတွင် မွေးမြူရေးကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူ လာကြရန် မဝံ့မရဲ ဖြစ်နေ ကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစု များမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိ ကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ် များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။

လွန်ချီကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းအဖွဲ့များမှ ချေးငွေများကို ရယူနိုင်သော်လည်း ကာလတိုချေးငွေများဖြစ်ခြင်းနှင့် အခြားဝင်ငွေရ လုပ်ငန်းများ အတွက် လုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးမည့် ချေးငွေအမျိုးအစားများ မရှိခြင်းကလည်း အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည့် အလားအလာကို အဟန့်အတား ဖြစ်စေ ပါသည်။

လွန်ချီကျေးရွာတွင်မူလတန်းကျောင်းမှာ နှစ်ကာလကြာမြင့်သဖြင့် အုတ်နံရံများအက်ကွဲနေ ပြီး ကျောင်းသား/ကျောင်းသူများအတွက် အန္တရာယ်ကြုံတွေ့နိုင်ပါသည်။ ကျောင်းသား/ကျောင်းသူ များအတွက် စာသင်ရန်နေရာအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ လွန်ချီကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် အခြေခံအဆောက်အဦများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများ၊ ပဲမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်း ပညာများ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်

များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစား လုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေး ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေ ပါမည်။

(၅) ကျေးရွာရှိအန္တရာယ်ဆောင်အဖြစ်သတ်မှတ်ထားသောမူလတန်းကျောင်းဆောင် အား အသစ် ပြန်လည်တည်ဆောက်ခြင်းဖြင့်ကျောင်းသား/ကျောင်းသူများအန္တရာယ်ကင်းရှင်းပြီးစာသင်ရန်နေရာ လုံလောက်လာမည်ဖြစ်သည်။ကျေးရွာအတွင်းရှိ လူငယ်များ စာတတ်မြောက်မှု တိုးတက်လာစေရေး အတွက်မိဘ၊ဆရာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာ စေပါမည်။

(၆) ကျေးရွာတွင်းလမ်းများကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့်ကျေးရွာအတွင်းမီးသတ်ကားများ၊ ပို့ဆောင်ဆက်သွယ်ရေးသုံး ယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်နှင့် ကျေးရွာသာယာလှပစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

လွန်ချီ ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။

ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမ ဦးစီးဌာနနှင့်INGOsၤNGOsအဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အရောင်းအဝယ် လုပ်ငန်းများ အတွက် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေ သောကြောင့် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းမဟုတ်သောအခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင် လိုသူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့် ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

လွန်ချီကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူ များ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်း မွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော် သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရား များကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့ အစည်းများ ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင် ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပြီး နည်းပညာများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံ မကဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိ နေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်း နေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသ ဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## (ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာအခြေခံ အဆောက်အဦ** | | | | | |
| ကျေးရွာတွင်းလမ်းများကောင်းမွန်အောင်ပြုလုပ်ခြင်း | ၁။ ရွာတွင်းလမ်းပြုလုပ်ခြင်း | ၇၅ | ၃ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• ကျေးရွာမှပူးပေါင်းပါဝင်ခြင်း | • ကျေးလက်ဦးစီး |
| မိုးရာသီ၊မြစ်ရေတက်ချိန်တွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၂။ ရေကျော်ပြုလုပ်ခြင်း | ၈၁ | ၁ | • သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• ကျေးရွာမှပူးပေါင်းပါဝင်ခြင်း | |
| မြစ်ကမ်းပါးပြိုခြင်းနှင့်ချောင်းကမ်းပါးတိုက်စားခြင်း | ၃။ရေကာနံရံပြုလုပ်ခြင်း | ၆၄ | ၅ | • မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာဟောပြောပွဲများပြုလုပ်ခြင်း<br>• လက်ကမ်းစာစောင်များဝေခြင်း<br>• သင်တန်းများပေးခြင်း | |

| | | | | | |
|---|---|---|---|---|---|
| *စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ* | | | | | |
| သင်တန်း | ၄။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်း | ၅၉ | ၆ | • ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများစီစဉ်ပေးရေး<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ပေးရေး (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)<br>• အသေးစားကုန်ထုတ်လုပ်သူများ အဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး | • ကျေးလက် ဦးစီး |
| *ပညာရေး* | | | | | |
| စာသင်ကျောင်းဆောင်မကောင်းခြင်း | ၅။စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း | ၉၀ | ၂ | • စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရေး<br>• ကျေးရွာလူထုမှပူးပေါင်းပါဝင်ပေးရေး<br>• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် | |
| *ကျန်းမာရေး* | | | | | |
| ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်း | ၆။ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၇၄ | ၄ | • ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျေးလက် ဆေးပေးခန်းအတွက် တင်ပြခြင်း<br>• ကျေးရွာမှပူးပေါင်းပါဝင်ခြင်း | |
| *လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား* | | | | | |
| အားကစား ကွင်းမကောင်း ခြင်း | ၇။ အားကစားကွင်းကောင်းမွန်အောင်ပြုလုပ်ခြင်း | ၅၇ | ၇ | • အားကစားကွင်းကောင်းမွန်အောင်ပြုလုပ်ရေး<br>• အားကစားပစ္စည်းများပြည့်စုံအောင်ထားရှိရေး | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရေကျော်ပြုလုပ်ခြင်း | ၁ | | Â | | | |
| ၂ | စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း | ၂ | | Â | | | |
| ၃ | ရွာတွင်းလမ်းပြုလုပ်ခြင်း | ၃ | Â | | | | |
| ၄ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၄ | | | Â | | |
| ၅ | ရေကာနံရံပြုလုပ်ခြင်း | ၅ | | | | Â | |
| ၆ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၆ | | | Â | | |
| ၇ | အားကစားကွင်းကောင်းမွန်အောင်ပြုလုပ်ခြင်း | ၇ | | | | | Â |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်

များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| | | | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| စဉ် | စီမံချက် | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရေကျော်ပြုလုပ်ခြင်း | Â | Â | Â | | |
| ၂ | စာသင်ကျောင်းဆောင် အသစ်ဆောက် လုပ်ခြင်း | Â | Â | Â | | |
| ၃ | ရွာတွင်းလမ်းပြုလုပ်ခြင်း | Â | Â | Â | | |
| ၄ | ကျေးလက်ဆေးပေးခန်းဆောက်လုပ် ခြင်း | Â | Â | Â | | |
| ၅ | ရေကာနံရံပြုလုပ်ခြင်း | Â | Â | Â | | |
| ၆ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | Â | Â | Â | Â | |
| ၇ | အားကစားကွင်းကောင်းမွန်အောင်ပြုလုပ်ခြင်း | Â | Â | Â | | |

### (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

#### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

#### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီ များ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ – မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

#### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

လွန်ချီကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက် မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်

ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ သည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ

အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ –

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ – မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ဆင်ပေါင်ဝဲမြို့နယ်၊ ကျွန်းကျေးရွာအုပ်စု၊ လွန်ချီကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၃ | ၄ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၆ | ၃၅ | ၇၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၃ | ၄၅ | ၈၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၀ | ၄၄ | ၁၀၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၆၈ | ၄၁၄ | ၇၈၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၄၅ | ၆၉ |
| စုစုပေါင်း | | ၅၄၄ | ၅၈၇ | ၁၁၃၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၁၁ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

### လေ့လာတွေ့ရှိချက်

(၁) လွန်ချီစံပြကျေးရွာတွင်အိမ်ထောင်စု(၃၁၁)စု၊လူဦးရေမှာကျား(၅၄၄)ဦး၊မ(၅၈၇)ဦးစုစုပေါင်း (၁၁၃၁)ဦးရှိပါသည်။

(၂) တစ်အိမ်ထောင်စုလျှင်ပျမ်းမျှလူဦးရေမှာ(၃.၆၃)ဖြစ်သဖြင့်၊မြန်မာနိုင်ငံရှိတစ်အိမ်ထောင် ပျမ်းမျှ လူဦးရေအောက်နည်းသည်ကိုတွေ့ရပါသည်။

(၃) နို့စို့အရွယ်ကလေးနှင့်၅နှစ်အောက်ကလေးနည်းသည်။

(၄) ကျောင်းနေအရွယ်ကလေး(၁၉၂)ဦးရှိပြီး ယောကျ်ားလေးဦးရေသည်မိန်းကလေးဦးရေထက် များသည်။

(၅) အလုပ်လုပ်နိုင်သည့်ဦးရေသည်ကျေးရွာလူဦးရေ၏(၆၇%)ရှိသော်လည်းကျေးရွာတွင်အလုပ် အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ဝင်ငွေပုံမှန်မရခြင်းကြောင့် အများစုမှာဆင်းရဲကြသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၇ | ၁၁၉ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၆ | ၃၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၅ | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၁ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | ၁၈ | ၆ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၄ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၅ | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၇ | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား/ ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၆၇ | ၂၇၈ | ၄၉ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၃၀၄ | ၄၉၀ | ၉၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

## လေ့လာတွေ့ရှိချက်

(၁) ကျေးရွာတွင်အိမ်ထောင်စု(၈၄)စု( (၂၇%) သည်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသကဲ့သို့ မြေအငှားဖြင့်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင် သူများလည်းရှိသည်။မြေအငှားဖြင့်လုပ်ကိုင်သူများသည် ၂ပုံ၁ပုံ(သို့) ၃ပုံ၁ပုံအစုစားဖြင့်လုပ်ကိုင်ကြသည်။ စိုက်ပျိုးစရိတ်ကုန်ကျငွေများများပြားသဖြင့် အမြတ်နည်းသောကြောင့်တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွင် အလယ်အလတ်၌ ရှိပါသည်။

(၂) ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများသည် မြစ်ရေကျချိန်တွင်သာလုပ်ကိုင်ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနိမ့်သည်။

(၃) ထုတ်ကုန်လုပ်ငန်းအနေဖြင့်ကျေးရွာတွင် ဂဟေဆော်လုပ်ငန်းနှင့်အုတ်ဖုတ်လုပ်ငန်းရှိသည်။ ဂဟေဆော်လုပ်ငန်းသည်ကျေးရွာတွင်(၁)ဦးတည်းရှိပြီး တစ်နှစ်ပတ်လုံးလုပ်ကိုင်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်သည်။အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦးရှိပြီး အရင်းအနှီးနည်းခြင်း၊လုပ်ကိုင်သူနည်းခြင်းကြောင့်အလုပ်အကိုင်အခွင့်အလမ်းမြင့်သည်။အလုပ်သမားအဖြစ်လုပ်ကိုင်သူများအနေဖြင့် ကျွမ်းကျင်လုပ်သားနည်း၍ ပုံမှန်လုပ်အားခထက်ပိုရသော်လည်း ပုံမှန်အလုပ် မရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်း အနေဖြင့်အလည်အလတ်တွင်ရှိသည်။

(၄) လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်သူများ ရှိသော်လည်း ပွင့်လင်းရာသီမှသာလုပ်ကိုင်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းသည် အလည်အလတ်တွင်ရှိသည်။

(၅) ကျေးရွာတွင်ဆိုင်ကယ်ပြင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးရှိသော်လည်းဆင်ပေါင်ဝဲမြို့နှင့်နီးသဖြင့် မြို့ပေါ်သို့သွားရောက် ဆိုင်ကယ်ပြင်သူများရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်း

အလည်အလတ်တွင်ရှိသည်။

(၆) ကျေးရွာတွင်း ကိုယ်ပိုင်စက်ချုပ်သူများနှင့် ရန်ကုန်မြို့သို့ အထည်ချုပ်၊ထီးချုပ်လုပ်ငန်း လုပ်ကိုင်သူ များ၏ အလုပ်အကိုင်အခွင့်အလမ်းသည် ပုံမှန်ဝင်ငွေမရှိသော ကြောင့် အလယ်အလတ်တွင်ရှိသည်။

(၇) စျေးဆိုင်ပိုင်ရှင်များသည် အမြတ်ပိုရသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်သည်။ စျေးရောင်းအလုပ်သမားများအနေဖြင့် နေ့စားခနည်းသောကြောင့် အလုပ်အကိုင်အခွင့် အလမ်းအသင့်အတင့်ရှိသည်။

(၈) ကိုယ်ပိုင်ကားမောင်းသူ (၂) ဦးသာရှိသဖြင့် ကျေးရွာမှခရီးသည်အားလုံးသည် အောင်လံမြို့၊ မကွေးမြို့သို့ သွားရောက်ရာတွင် အသုံးပြုသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်သည်။ တခြားဒေသသို့သွားရောက်ကားမောင်းသူများရှိသော်လည်းပုံမှန်ဝင်ငွေမရှိသော ကြောင့် အလုပ်အကိုင်အခွင့်အလမ်းအသင့်အတင့်ရှိသည်။

(၉) ကျေးရွာတွင်ပညာရေးဝန်ထမ်းများ၊မီးသတ်အစိုးရဝန်ထမ်းများ၊ကျန်းမာရေး ဝန်ထမ်း များ၊ NGOsဝန်ထမ်းများသည် ပုံမှန်ဝင်ငွေ ရှိသော ကြောင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်သည်။

(၁၀) ကျေးရွာအိမ်ထောင်စု(၃၁၁)စုတွင်(၃၀၄)စု(၉၇.၇%)သည်အလုပ်လုပ်ကြသည်။ အလုပ် လုပ်မလုပ်သောအိမ်ထောင်စု(၇)စု သည် သက်ကြီးရွယ်အိုနှင့် တစ်ဦးတည်းနေ သောအိမ်ထောင်စုများ ဖြစ်သည်။

(၁၁) အထက်ပါဇယားတွင် အိမ်ထောင်စု(၃၁၁)စု၊ လုပ်သားအင်အား(၅၈၆)ဦး ရှိပြီး လုပ်သားအင်အားသည် အိမ်ထောင်စုအရေအတွက်ထက်များနေခြင်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်အားလုံးနီးပါးသည် မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကြသောကြောင့်ဖြစ် ပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၅၀၀ | - | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၃၀၀၀ | - | - | - |
| ၄ | သစ်တောထွက်ပစ္စည်း… သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၄၀၀၀ | - | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

## လေ့လာတွေ့ရှိချက်

(၁) လွန်ချီစိပြကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သဖြင့် လယ်ထွန်ခြင်း၊ ပေါင်းနှုတ်ခြင်း၊သီးနှံစိုက်ခြင်း၊သီးနှံသိမ်းခြင်းတို့အတွက် တစ်နှစ်ပတ်လုံး လုပ်သားများ ငှားရမ်း လုပ်ကိုင်ရပါသည်။ လုပ်သားခအနေဖြင့် အမျိုးသား (၄၀၀၀) ကျပ်နှင့် အမျိုးသမီး (၃၅၀၀) ကျပ် ပေးရပါသည်။

(၂) ငါးဖမ်းလုပ်ငန်းကို မြစ်ရေကျချိန်များတွင် လုပ်ကိုင်ပြီး တစ်နေ့လျှင် (၃၀၀၀)ကျပ် ရရှိသည်။

(၃) လွန်ချီကျေးရွာတွင် လက်သမား ၊ ပန်းရံလုပ်ငန်း ရှိပြီး အမျိုးသား(၇၀၀၀)ကျပ်နှင့် အမျိုးသမီး (၄၀၀၀) ကျပ် ပေးရပါသည်။ ကျွမ်းကျင်လုပ်သား ရှားပါးသဖြင့် လုပ်သားငှားရမ်းရာတွင် အခက်အခဲရှိသည်။

(၄) ရန်ကုန်မြို့သို့ ထီးချုပ်လုပ်ငန်းသွားရောက်လုပ်ကိုင်သူများရှိပြီး တစ်နေ့လျှင် အမျိုးသား (၅၀၀၀) ကျပ်နှင့် အမျိုးသမီး(၄၀၀၀) ကျပ် ရရှိသည်။

(၅) ပန်းရောင်းခြင်း၊ အသီးအရွက်များရောင်းဝယ်ခြင်း လုပ်ကိုင်သူအိမ်ထောင်စုများရှိပြီး အမျိုးသား ၊ အမျိုးသမီး လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် ပျှမ်းမျှ (၄၀၀၀)ကျပ် ရရှိသည်။

(၆) ရန်ကုန်မြို့သို့အထည်ချုပ်လုပ်ငန်းသွားရောက်လုပ်ကိုင်သူ အမျိုးသမီးများရှိပြီး တစ်နေ့လျှင် (၄၀၀၀) ကျပ် ရရှိသည်။ ကျေးရွာအတွင်းစက်ချုပ်သူများ အနေဖြင့် အင်္ကျီ(၁)ထည်လျှင် (၁၅၀၀)ကျပ်ရရှိသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၉.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၁၇.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၈၄** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

## လေ့လာတွေ့ရှိချက်

(၁) လွန်ချီကျေးရွာသည်ယာမြေအများဆုံးပိုင်ဆိုင်ပြီးပဲ၊နှမ်းကိုအဓိကထားစိုက်ပျိုးသည်။

(၂) လယ်မြေ(၃၉.၅)ဧကတွင်စပါးစိုက်ပျိုးသည်။စပါးကိုရေသွင်းစိုက်ပျိုးခြင်းမပြုဘဲမိုးများ သော ရာသီများတွင်စိုက်ပျိုးသည်။

(၃) တစ်ရွာလုံးတွင်ဥယျာဉ်ခြံမြေ(၃)ဧကသာရှိပြီးနှစ်ရှည်ခံအပင်များသီးပင်၊စားပင်များစိုက်ပျိုး သည်။

(၄) ကိုင်း ၊ကျွန်း(၂၄)ဧက တွင် မြေပဲ ၊ ပြောင်း ၊ ပဲတီစိမ်းနှင့် ပန်းများ စိုက်ပျိုးသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။ ။**

(၁) လွန်ချီချောင်းရှိသဖြင့် သဲကိုအလွယ်တကူရရှိအသုံးပြုနိုင်ပါသည်။ သဘာဝနွားစာပင် အနည်းငယ်ရှိသဖြင့် အသုံးမပြုနိုင်ပါ။

(၂) သစ်တောကြီးများမရှိသဖြင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ရှားပါး ပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂.၅ဧကအထက် | ယာ(၅-၁၂)ဧက | ယာ(၂.၅-၅)ဧက | - |
| အိမ်အခြေအနေ | တိုက်အိမ်၊ပျဉ်ထောင်၊သွပ်မိုး၊ပျဉ်ခင်း | သွပ်မိုး၊ထရံကာ၊ ကြမ်းခင်း | သက်ကယ်မိုး၊ ကြမ်းခင်း၊ နှစ်ထပ် | သက်ကယ်မိုး၊ ကြမ်းခင်း၊ တစ်ထပ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား(၁)စီး၊ဆီစက် (၁)စက် ဂဟေဆော်စက်၊ ဆိုင်ကယ်(၂)စီး | ဆိုင်ကယ်(၁)စီး၊ အပ်ချုပ်စက် | ဆိုင်ကယ်(၁)စီး၊ ပဲခွဲစက်၊လက်သမားသုံး ကိရိယာများ | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း(ဝင်ငွေ) | ၅ဝသိန်း- ၄ဝသိန်း | ၃ဝသိန်း-၂ဝသိန်း | ၁၅သိန်း- ၁ဝသိန်း | ပုံမှန်ဝင်ငွေမရှိ |
| **အိမ်ထောင်စု** | ၈ | ၅၅ | ၁၇၄ | ၇၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်**

(၁) အထက်ပါဇယားသည် ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ခွဲခြားထားခြင်း ဖြစ်သည်။

(၂) ကျေးရွာအိမ်ထောင်စု(၃၁၁)စုတွင်အဆင်ပြေသောအိမ်ထောင်စု(၈)စု၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၅၅)စု ၊မပြေလည်သောအိမ်ထောင်စု(၁၇၄)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၇၄)စုရှိပါသည်။

(၃) အိမ်ထောင်စု၏(၈ဝ%)သည် အဆင့်(၃)နှင့်(၄) အိမ်ထောင်စုများဖြစ်သည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃ဝ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၃ | အခြားအစာပြောင်းလဲစား = -<br>အစာလျှော့စား = -<br>အထောက်အပံ့ယူ = ၂၃<br>ချေးယူ = ၂၃<br>လုပ်အားခကြိုယူ = - |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅၂ | အခြားအစာပြောင်းလဲစား = -<br>အစာလျှော့စား = -<br>အထောက်အပံ့ယူ = ၅၂<br>ချေးယူ = ၅၂<br>လုပ်အားခကြိုယူ = - |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီကျေးရွာရှိ ခနအဆင့်(၃) နှင့် (၄) အိမ်ထောင်စုပေါင်း၏ ၃၀% စစ်တမ်းကောက်ယူရာတွင် ၃လအောက် ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၂၃)စု ၊ ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု (၅၂) စု ရှိပါသည်။

(၂) ၎င်းအိမ်ထောင်စုများသည် အစားအစာ ၊ ပညာရေး နှင့် ကျန်းမာရေးတို့အတွက် အခက်အခဲရှိပြီး ချေးယူခြင်း INGOs ၊ NGOs အဖွဲ့အစည်းများ၊ ဆွေမျိုးများထဲမှ အထောက်အပံ့ယူခြင်းဖြင့်ဖြေရှင်းကြသည်။NGOsအဖွဲ့အစည်းများမှ အထောက်အပံ့ယူခြင်း နည်းလမ်းများဖြင့် ဖြေရှင်းကြသည်ကို တွေ့ရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၇ | ၄ | ၁၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | ၁၄ | ၁၄ |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | - | - |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

(၁) လွန်ချီကျေးရွာတွင် (၆၄) နှစ်အထက် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အို အိမ်ထောင်စု(၁၁)စု ရှိပြီး ၎င်းအိမ်ထောင်စုများ၏ စားဝတ်နေရေးအား ရပ်ရွာနှင့် ဆွေမျိုးများမှ ထောက်ပံ့ပေးပါသည်။

(၂) အမျိုးသမီးဦးဆောင်၍ ဆင်းရဲသည့် အိမ်ထောင်စု (၁၄)စု ရှိပြီး ၎င်းတို့သည် ကျပန်းလုပ်ငန်း လုပ်ကိုင်ရသဖြင့် ဝင်ငွေပုံမှန်မရှိသောကြောင့် မိသားစုစားဝတ်နေရေး တွင် ခက်ခဲသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☑ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
(၄) Good Neighbors အဖွဲ့မှ အသင်းသား(၇၆)ဦးအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် (၁၀၄၇၀၀၀၀)ကျပ် ထုတ်ချေးပေးထားပါသည်။

(၅) ကျေးရွာတွင် (၅)ကျပ်တိုးဖြင့် ငွေချေးသူ အနည်းငယ်ရှိပါသည်။

(၆) အောင်လံမြို့ရှိ အပေါင်ဆိုင်မှ အပေါင်ခံပစ္စည်းပါရှိပါက (၃) ကျပ်တိုးဖြင့် ချေးပေးပါသည်။

(၇) မိတ်ဆွေနှင့် ဆွေမျိုးများမှ ရင်းနှီးမှုဖြင့် (၁)ကျပ် ၊ (၂)ကျပ် တိုးများဖြင့် ထုတ်ချေးမှုများ လည်းရှိသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု |
|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☐ လတ်☑ နိမ့်☐ |
| အပင်မျိုးစိတ်များ | မြင့်☐ လတ်☐ နိမ့်☑ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☑ လတ်☐ နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ လတ်☐ နိမ့်☑ |
| ငါးမျိုးကွဲများ | မြင့်☐ လတ်☐ နိမ့်☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ လတ်☐ နိမ့်☑ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ လတ်☐ နိမ့်☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီကျေးရွာနယ်နိမိတ်တွင် သစ်တောကြီးများမရှိသဖြင့် သဘာဝအပင်မျိုးစိတ်များနှင့် အခြားတိရစ္ဆာန်မျိုးစိတ်များမရှိပါ။

(၂) ငါးဖမ်းခြင်းအား ပိုက်ကိုသာအသုံးပြုသဖြင့် ငါးမျိုးကွဲများ ဆုံးရှုံးမှု မရှိပါ။

(၃) စိုက်ပျိုးရေးလုပ်ငန်းတွင် ပိုးသတ်ဆေးများ အသုံးပြုသော်လည်း ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက် ထိရောက်သောကာကွယ်မှု မပြုလုပ်နိုင်သေးပါ။

(၄) လွန်ချီကျေးရွာသည် စံပြကျေးရွာဖြစ်သဖြင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ် ပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၁ | ၂ | ၃ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၃၄၆ | ၄၀၄ | ၇၅၀ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၀၂ | ၇၈ | ၁၈၀ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၄၂ | ၄၆ | ၈၈ |

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၄ | ၁၈ | ၂၂ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်**။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ – ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက–ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်

(၁) ကျေးရွာတွင် စာမတတ်သူ(၃)ဦး (၀.၂%) ၊ မူလတန်းအဆင့်ရှိသူ (၇၅၀)ဦး (၆၆%)၊ အလယ်တန်းအဆင့်ရှိသူ(၁၈၀) (၁၆%)၊ အထက်တန်းအဆင့်ရှိသူ(၈၈)ဦး (၈%)၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူဦးရေ (၂၂)ဦး (၁.၉%) ရှိပါသည်။

(၂) အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်ကောလိပ် ကျောင်းတက်သူဦးရေ နည်းနေခြင်းမှာ ကျေးရွာတွင် မူလတန်းကျောင်းသာရှိခြင်းနှင့် ကျောင်းဆက်တက်ရန် စီးပွားရေးအခြေအနေ မကောင်းခြင်းတို့ကြောင့်ဖြစ်ပါသည်။

## (ဆ–၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၂ | ၅၀ | ၁၁၂ |
| အလယ်တန်း | ၃၂ | ၃၅ | ၆၇ |
| အထက်တန်း | ၁၉ | ၁၂ | ၃၁ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၁၀ | ၁၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်**။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ

<u>သူမျှားကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

(၁) မူလတန်းကျောင်းသားအရွယ်မှာ (၈၈)ဦးသာရှိသော်လည်း မူလတန်းကျောင်းတက်နှုန်းမှာ (၁၁၂)ဦးဖြစ်နေရခြင်းမှာ အချို့သောကျောင်းသား/သူများသည် အသက်(၅)နှစ်ကျော်မှ ကျောင်းအပ်ကြခြင်းကြောင့် ဖြစ်ပါသည်။

(၂) အလယ်တန်းကျောင်းသားအရွယ် (၁၀၄)ဦးရှိပြီး (၆၇)ဦးသာ အလယ်တန်းပညာ ဆက်လက်သင်ယူနေဆဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာတွင် အလယ်တန်းကျောင်းမရှိခြင်း အသက်(၅)နှစ်ကျော်မှ ကျောင်းအပ်ခြင်းကြောင့်ဖြစ်ပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☑<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ**။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ**။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၂၀×၃၀ | | | | | | | | |
| **င**။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ညံ့☑ | | | ကောင်း☑ သင့်☐ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ**။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည ☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ**။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ**။ ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၄ | ၅ | - | - | - | - | - | - |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| ကျေးရွာခန့် | - | - | - | - | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီစ်ပြကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်း ရှိပြီး နှစ်ကာလ ကြာမြင့်သောကြောင့် အုတ်နံရံများ အက်ကွဲကာ အန္တရာယ်ဆောင်အဖြစ် သတ်မှတ်၍ ပညာရေးဦးစီးဌာနသို့ တင်ပြထားပါသည်။

(၂) အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာမှ (၁)မိုင် ကွာဝေးသော ဆင်ပေါင်ဝဲမြို့နယ် အထက်တန်းကျောင်းသို့ ခြေလျင် ၊ စက်ဘီး တို့ဖြင့် တက်ရောက်ရပါသည်။ မိုးရာသီ လွန်ချီချောင်း ရေစီးသန်ချိန်တွင် ကျောင်းသားများအတွက် သွားလာရန် အခက်အခဲ ရှိပါသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀: ၁ အောက် ☐ ၄၀: ၁ အထက် ☑ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☑ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☑ မလုံလောက် ☐ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☑ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းသားဦးရေ (၁၁၂)တွင် ဆရာ(၁)ဦး၊ ဆရာမ (၄) ဦးရှိသဖြင့် ဆရာ၊ဆရာမ လုံလောက်မှု ရှိပါသည်။

(၂) ယခင်နှစ်တွင်မူလတန်းကျောင်းထွက်သူ(၁)ဦးသာရှိသဖြင့် ကျောင်းထွက်နှုန်း နည်းပါသည်။

(၃) အစိုးရမှ ဝတ်စုံများ ၊ ပုံနှိပ်များ ၊ စာရေးကိရိယာများ အခမဲ့ ထောက်ပံ့ပေးထားသဖြင့် ဆင်းရဲသော မိသားစုများအတွက် အခက်အခဲမရှိပါ။

(၄) လူငယ်အားကစားကွင်းအား ကျောင်းအားကစားကွင်းအဖြစ် အသုံးပြုနိုင်သော်လည်း မြေပြင်မညီညာခြင်း ၊ အားကစားပစ္စည်းများ အလုံအလောက်မရှိခြင်းကြောင့် အခက်အခဲ

ရှိပါသည်။

(၅) မိဘဆရာအသင်းဖွဲ့စည်းထားပြီး ငွေအားဖြင့်အကူအညီ မပေးနိုင်သော်လည်း လုပ်အားဖြင့် တက်ကြွစွာ ပူးပေါင်းပါသည်။

## (၉) ကျန်းမာရေးနှင့် အာဟာရ

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင် ကျန်းမာရေးအသိအမြင်များ လက်လှမ်းမီမှု ရှိသော်လည်း တစ်ခါတရံ ကလေးများတွင် မိုးရာသီနှင့် မြစ်ရေတက်ချိန်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်ပွားလေ့ရှိသည်။

(၂) တီဘီရောဂါ ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။

### (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျန်းမာရေးဦးစီးဌာနမှ စုပေါင်းကာကွယ်ဆေးထိုးနှံမှု ရှိပါသည်။

(၂) Good Neighbors ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် ကျန်းမာရေးဦးစီးဌာနများမှ တစ်နှစ်လျှင် (၃)ကြိမ် နီးပါး ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်လေ့ရှိပါသည်။

**(ဇ-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☑<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☑<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီစ်ပြကျေးရွာတွင် အစိုးရခန့် မဟုတ်သော အရန်သားဖွားဆရာမ(၁)ဦး ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။

(၂) ကျန်းမာရေးနှင့်ပတ်သက်သော ဆေးကုသမှုများကို ရွာမှ(၁)မိုင်ဝေးသော ဆင်ပေါင်ဝဲမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသပါသည်။

(၃) ဆင်ပေါင်ဝဲမြို့နယ် သွားရာလမ်းတွင် လွန်ချီချောင်းရှိသဖြင့် မိုးရာသီတွင် ရေစီးသန်သောကြောင့် အရေးပေါ်ကျန်းမာရေး အခြေအနေဖြစ်ပေါ်ပါက သွားလာရန် အခက်အခဲ ရှိပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၃၁၁ စု | ရှိ☑ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| ရေကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် မြစ် ၊ ချောင်း ရေကိုသာ အသုံးပြုပြီး တစ်နှစ်ပတ်လုံး ရေလုံလောက်မှု ရှိပါသည်။

(၂) သောက်သုံးရေအရည်အသွေး စစ်ဆေးမှုအနေဖြင့် UN-Habitat မှ သဲရေစစ်အိုး အသုံးပြု၍ ရေသန့်စင်သောနည်းကို အသုံးပြုသည်။

(၃) အိမ်ထောင်စု၏ (၉၅%)ကို UN-Habitat မှ သဲရေစစ်အိုး အသုံးပြုပြီး ကျန် (၅%) မှာ ကျောက်ချဉ် အသုံးပြု၍ ရေသန့်စင် အသုံးပြုသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | ၃၀၄ |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၆၇ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာအိမ်ထောင်စု၏ (၈၀%)သည် ယင်လုံအိမ်သာအသုံးပြုပြီး(၂၀%)သည် အိမ်သာမရှိသောအိမ်ထောင်စုများဖြစ်သည်။

**(ည) ကျား - မ ရေးရာ**

ဇယား (၃၉) ကျား - မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) အမျိုးသမီးရေးရာအဖွဲ့၊ဝတ်အသင်းအဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့များကို အမျိုးသမီးများ ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊သာရေး၊နာရေးကိစ္စများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။

(၂) အမျိုးသမီးအကြမ်းဖက်မှု၊ ဥပဒေနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများအား ရဲစခန်းနှင့် အမျိုးသမီးရေးရာအဖွဲ့များမှ လာရောက်ပြုလုပ်လေ့ရှိသည်။

## (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☑ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ်အထက်☑ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီစ်ပြကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီနှင့် မြစ်ရေကြီးချိန်တွင် ရေတိုက်စားမှုကြောင့် လမ်းများ ပျက်စီးနေပါသည်။

(၂) လွန်ချီစ်ပြကျေးရွာတွင်ချဉ်းကပ်လမ်းမရှိပါ။

(၃) လွန်ချီကျေးရွာမှ ညံတောအင်းကျေးရွာသို့ ကျေးရွာချင်းဆက် မြေသားလမ်းရှိပြီး လမ်းမှာ ပျက်စီးနေပါသည်။ ဆိုင်ကယ်နှင့် လှည်းများဖြင့် ရာသီမရွေး သွားလာနိုင်သော်လည်း ကားဖြင့် ဆက်သွယ်၍ မရပါ။

### (ဋ-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|

| တံတား<br>အမျိုးအစား | အရွယ်အစား<br>(အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်<br>ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ်<br>တံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား<br>တံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီကျေးရွာနယ်နိမိတ်တွင် တံတားများမရှိပါ။

### (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☑ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

### လေ့လာတွေ့ရှိချက်

(၁) ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် ကျေးရွာတည်ရှိသဖြင့် ကိုယ်ပိုင် စက်လှေများ အသုံးပြုကာ သွားရောက်ဆက်သွယ်ကြသည်။တစ်နှစ်ပတ်လုံးအသုံးပြုကြ သည်။

### (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | – | ၇၆ | ၄၃ | ၉၈ | ၁ | – | ၃ | – | ၈၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

### လေ့လာတွေ့ရှိချက်

(၁) စက်လှေကို မြစ်အနောက်ဘက်ကမ်းရှိကျေးရွာများသို့ ဈေးရောင်းခြင်း၊ လူမှုရေးကိစ္စများ သွားရောက်ခြင်းအတွက် အသုံးပြုသည်။

(၂) စက်ဘီး နှင့် မော်တော်ဆိုင်ကယ်ကို ဆင်ပေါင်ဝဲမြို့သို့ ကျောင်းတက်ခြင်း၊ ဈေးရောင်းခြင်း နှင့် လူမှုရေးကိစ္စများ သွားရောက်ခြင်းများအတွက် အသုံးပြုသည်။

(၃) သုံးဘီးဆိုင်ကယ်ကို ဆင်ပေါင်ဝဲမြို့သို့ ဈေးဝယ်ခြင်း၊ကျောင်းတက်ခြင်းများတွင် အသုံးပြုသည်။

(၄) ကားကို အောင်လံမြို့၊ မကွေးမြို့ များသို့ သီးနှံရောင်းချခြင်း၊ဈေးဝယ်ခြင်းများ တွင် အသုံးပြုသည်။

(၅) လှည်းကိုထွန်ယက်စိုက်ပျိုးခြင်းအတွက်သာအသုံးပြုသည်။

### (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၃၁၁ | ကောင်း☑ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| ဆိုလာစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| သော လျှပ်စစ်ဓာတ်အားပေးစနစ် | | | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီစ်ပြကျေးရွာရှိအိမ်ထောင်စုအားလုံးသည် မဟာဓါတ်အားလိုင်းအသုံးပြုသည်။

(၂) အသုံးပြုသည့်မီတာခကျသင့်ငွေကိုဆင်ပေါင်ဝဲမြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာနသို့ ပေးဆောင်ရပြီးပြုပြင်ထိန်းသိမ်းရေးစနစ်ကိုငုင်းဌာနမှတာဝန်ယူဆောင်ရွက်သည်။

## (ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၃၃၈ | ၁၉ | ၁၇၁ | ၁၅၁ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

(၁) MPT ၊ Telenor ၊ Ooredoo ဖုန်းလိုင်းများဆက်သွယ်နိုင်ပြီး ပျှမ်းမျှအားဖြင့် အိမ်ထောင်စု တစ်စုလျှင် ဖုန်းတစ်လုံးအသုံးပြုနိုင်ပါသည်။

(၂) ရေဒီယိုသုံးစွဲသူ အနည်းငယ်ရှိပြီး ပတ္တမြား FM ၊ ရွှေ FM ၊ BBC လိုင်းများရရှိပါသည်။

(၃) အိမ်ထောင်စု၏ (၅၀%) သည် တီဗွီ ၊ စလောင်း အသုံးပြုနိုင်ပြီး MWD Set Top Box၊ Sky Net၊ IPM ၊PSI များဖြင့် (၂၄)နာရီ ကြည့်ရှုနိုင်ပါသည်။

## (စ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☑ မရှိ☐ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ ဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☑ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ ဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☐ များ☑ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့်နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) လူငယ်များဘောလုံးပွဲများကျင်းပရန် အားကစားကွင်းရှိသော်လည်း မြေပြင်ညီညာမှုမရှိ ၊ ဂိုးတိုင်မရှိဘဲ ကောင်းမွန်မှုမရှိပါ။

(၂) ရွှေလွန်ပရဟိတအဖွဲ့ ၊ လူငယ်ညီညွတ်ရေးအဖွဲ့ ၊ လူငယ်ဝတ်အသင်းအဖွဲ့များအားလူငယ်များဖြင့် ဖွဲ့စည်းထားပြီး ပရဟိတလုပ်ငန်းများ ၊ လူမှုရေးကိစ္စများ ၊ ဘာသာရေးကိစ္စ များတွင် လူငယ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

(၃) လွန်ချီစံပြကျေးရွာသည် တန်ခူးလတွင် အတာသင်္ကြန်ပွဲတော်အား ရိုးရာအစဉ်အလာမပျက် ကျင်းပလျက်ရှိပြီး လူငယ်များလည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

(၄) ကျေးရွာတွင် " ပညာဒီပါ" စာကြည့်တိုက်အား ဖွင့်လှစ်ထားပြီး လူကြီး၊ လူငယ်များ ဖတ်ရှုလေ့လာနိုင်ပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင် MPT ၊ Telenor ၊ Ooredoo ဖုန်းလိုင်းများ၊ MWD Set Top Box၊ Sky Net၊ IPM ၊PSI စလောင်းများ ၊ရေဒီယိုများ အသုံးပြုနိုင်ပါသည်။

(၂) ကျေးရွာတွင် အာမခံလုပ်ငန်းများမရှိပါ။

(၃) ကျေးရွာ၏သဘာဝဘေးအန္တရာယ်များအားကြိုတင်ကာကွယ်နိုင်ရန် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့ ၊ မီးသတ်တပ်ဖွဲ့ များ ဖွဲ့စည်းထားပါသည်။

(၄) ရဲဘက်ဆိုင်ရာမှ မှုခင်းကာကွယ်တားဆီးလျှော့ချရေး ဟောပြောပွဲများအား နှစ်စဉ်လာရောက် ပြုလုပ်ပါသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| မှုခင်းဖြစ်ပွားမှု အခြေအနေ | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ |
| | သာမန် ☐ | သာမန် ☐ | သာမန် ☐ | သာမန် ☐ |
| | မရှိ ☑ | မရှိ ☑ | မရှိ ☑ | မရှိ ☑ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) လွန်ချီစံပြကျေးရွာတွင် မှုခင်းဖြစ်ပွားမှုများ မရှိပါ။

နောက်ဆက်တွဲ (၂)

## လွန်ချီကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်– ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ – ကျေးရွာအခြေခံအဆောက်အဦ** | | | | | | |
| ၁။ | • ရွာတွင်းလမ်း မကောင်းခြင်း | • ရေတိုက်စားမှုကြောင့် ရွာတွင်းလမ်းများတွင် ရိုးချောက်များဖြစ်ကာ ပျက်စီးနေခြင်း | • လမ်းခင်းရန်လိုအပ် သောသဲ၊ကျောက်၊ ကျောက်စရစ်များ အလွယ်တကူရရှိ နိုင်ခြင်း<br>• ကျေးရွာမှလုပ်အား ပါဝင်နိုင်ခြင်း | • သဘာဝဘေးအန္တရာယ် များကျရောက်ပါကလမ်း များပိုမိုပျက်စီးနိုင်ခြင်း<br>• မိုးရာသီတွင်ရေတိုက် စားခံရပါကကျေးရွာနစ် ခြမ်းဖြစ်သွားနိုင်ခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မ တီ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁။ ရွာတွင်းလမ်းများကောင်းမွန် အောင်ပြုလုပ်ခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• ကျေးရွာလူထုမှပူးပေါင်းပါဝင် ခြင်း |
| ၂။ | • မိုးရာသီမြစ်ရေ တက်ချိန်တွင်လမ်း ပန်းဆက်သွယ်ရေး ခက်ခဲခြင်း | • ချောင်းရှိခြင်း<br>• မိုးရွာချိန်နှင့်မြစ်ရေ ကြီးချိန်တွင်ရေစီးသန် ခြင်း | • ကျေးရွာလူထုမှပူးပေါင်း ပါဝင်လိုမှုရှိခြင်း | • ကျေးရွာရှိအလယ်တန်း/ အထက်တန်းကျောင်း သား/သူများ၊အရေးပေါ် ကျန်းမာရေးအခြေအနေ များ၊ကျပန်းအလုပ်သမား များအတွက်အခက်အခဲ ရှိခြင်း | • သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျေးရွာလူထုမှပူးပေါင်း ပါဝင်ခြင်း | ၂။ မိုးရာသီ၊မြစ်ရေကြီးချိန်တွင် သွားလာရေး လွယ်ကူစေရန် ပြုလုပ်ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း<br>• ရေကျော်ပြုလုပ်ခြင်း<br>• ကျေးရွာမှလုပ်အားပါဝင်ကူညီ ခြင်း |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၃။ | • သဘာဝဘေး အန္တရာယ်ကျရောက်ခြင်း | • မြစ်ရေစီးကြောင်း ပြောင်းလဲခြင်း<br>• ကမ်းပါးပြိုခြင်း<br>• ချောင်းကမ်းပါးတိုက်စားခြင်း | • သဘာဝဘေး အန္တရာယ်ကြိုတင် ကာကွယ်ရေးအဖွဲ့ဖွဲ့ စည်းထားခြင်း | • မြစ်ကမ်းပါး၊ချောင်း ကမ်းပါးတိုက်စား မှု ကြောင့်ကျေးရွာရှိလူ နေအိမ်များ၊ယာမြေ များပျက်စီးနိုင်ခြင်း | • ကျေးရွာမှ တပိုင်တနိုင် ရေကာများ ပြုလုပ်ခြင်း<br>• သက်ဆိုင်ရာ ဦးစီးဌာန သို့ တင်ပြခြင်း | ၃။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြော ပွဲများပြုလုပ်ခြင်း<br>• သက်ဆိုင်ရာ ဦးစီးဌာန သို့ တင်ပြခြင်း<br>• သင်တန်းများပေးခြင်း<br>• လက်ကမ်းစာစောင်များဝေခြင်း<br>• ရေကာနံရံပြုလုပ်ခြင်း |
| | **ကဏ္ဍ- စိုက်ပျိုးရေး** | | | | | |
| ၄။ | • အရင်းအနှီး မလုံလောက်ခြင်း | • သီးနှံဈေးနှုန်းမရခြင်း<br>• လုပ်အားခဈေးကြီးခြင်း<br>• စိုက်ပျိုးရေးချေးငွေအား အချိန်မီငွေထုတ် မချေးနိုင်ခြင်း | • စိုက်ပျိုးရေးချေးငွေ ရှိခြင်း<br>• ငွေတိုးချေးမည့်သူများ ရှိခြင်း<br>• စိုက်ပျိုးရေးအတွက် တနိုင်တပိုင်ငွေထုတ် ချေးမည့် NGOs/ INGOs အဖွဲ့အစည်း များရှိခြင်း | • အတိုးများခြင်း<br>• သွင်းအားစုများ ဈေးကြီး ခြင်း(ပိုးသတ်ဆေး၊ မြေသြဇာ ) | • စိုက်ပျိုးရေးအတွက်တပိုင် တနိုင်ငွေထုတ်ချေးမည့် NGOs/INGOs အဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း<br>• ကျေးရွာဆင်းရဲမှုလျော့ချရေး လုပ်ငန်းများအတွက်စီမံကိန်း များအကောင်အထည်ဖော် ဆောင်ရွက်ပေးသောဦးစီးဌာန များနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း | ၄။ထိရောက်သော ချေးငွေ ဝန် ဆောင်မှုများလက်လှမ်းမီရေး<br>• ချေးငွေရရှိရေးချေးငွေဌာနများ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးလက်ဦးစီးဌာနသို့မြစိမ်း ရောင်ကျေးရွာစီမံကိန်းဆောင် ရွက်ပေးနိုင်ရေးတင်ပြခြင်း |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၅။ | • လုပ်သားရှားပါးခြင်း | • တခြားဝင်ငွေများသောဒေသများသို့ပြောင်းရွှေ့လုပ်ကိုင်ခြင်း<br>• ကျေးရွာတွင်စိုက်ပျိုးရေးနှင့်ပတ်သက်သောစက်ကိရိယာများမရှိခြင်း<br>• သီးနှံစိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်နှင့်ပေါင်းထိုးချိန်များတပြိုင်တည်းပြုလုပ်ခြင်း<br>• စိုက်ပျိုးရေးစက်ပစ္စည်းများရရှိနိုင်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုမရှိ ခြင်း | • အလုပ်သမားအနည်းငယ်ရှိခြင်း<br>• လုပ်အားခပိုပေးပါကအလုပ်သမားရရှိနိုင်ခြင်း<br>• နီးစပ်ရာတွင်ထွန်စက်အငှားရရှိနိုင်ခြင်း | • လုပ်အားခဈေးကြီးခြင်း<br>• သီးနှံများစိုက်ပျိုးချိန်အမှီမစိုက်ပျိုးနိုင်ခြင်း<br>• သီးနှံများအချိန်မှီမသိမ်းနိုင်ခြင်း<br>• သီးနှံဈေးနှုန်းကျခြင်း<br>• စိုက်ပျိုးရေးနည်းပညာများအားနည်းခြင်း | • လုပ်သားအစားထိုးစက်ပစ္စည်းများရရှိနိုင်သောဦးစီးဌာန/အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း | ၅။စိုက်ပျိုးရေးစက်ကိရိယာများ အားအရစ်ကျစနစ်ဖြင့်ဝယ်ယူ နိုင်သောဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း<br>• နည်းပညာအကူအညီများတောင်းခြင်း |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၆။ | • မျိုးကောင်းမျိုးသန့် မရှိခြင်း | • ကျေးရွာတွင်မူလရှိပြီးသောမျိုးကိုသာအသုံးပြုခြင်း | • လက်ရှိမျိုးရှိခြင်း<br>• မြို့နှင့်နီးခြင်း | • သီးနှံဈေးနှုန်းမရခြင်း | • မျိုးကောင်းမျိုးသန့်ရရှိနိုင်သောနေရာ၊ဌာနများနှင့် ချိတ်ဆက်ခြင်း | ၆။မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများပြုလုပ်ခြင်း<br>• လက်ကမ်းစာစောင်များဝေခြင်း<br>• မျိုးကောင်းမျိုးသန့်များရရှိနိုင်သောနေရာ/အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း |
| **ကဏ္ဍ – စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ** | | | | | | |
| ၇။ | • လုပ်သားရှားပါးခြင်း | • ကျွမ်းကျင်လုပ်သားမရှိခြင်း<br>• အခြားဒေသသို့ပြောင်းရွှေ့လုပ်ကိုင်သူများခြင်း | • လုပ်ငန်းလုပ်တတ်သောအလုပ်သမားအနည်းငယ်ရှိခြင်း | • အချိန်မှီအလုပ်မပြီးခြင်း<br>• လုပ်အားခဈေးကြီးခြင်း | • ကျေးရွာလူထုနှင့်ညှိနှိုင်း၍ထိုလုပ်ငန်းများနှင့် ပတ်သက်သော သင်တန်းများဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း | ၇။စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောလုပ်ငန်းများတွင် လုပ်သားများရရှိနိုင်ရေး<br>• အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ – ပညာရေး** | | | | | | |
| ၈။ | • စာသင်ကျောင်းဆောင်မကောင်း ခြင်း | • နှစ်ကာလကြာမြင့်သောကြောင့်စာသင်ကျောင်းရှိအုတ်နံရံများပျက်စီးနေခြင်း<br>• အန္တရာယ်ဆောင်အဖြစ်သတ်မှတ်ထားရခြင်း | • စာသင်ကျောင်းမြေနေရာရှိခြင်း<br>• ကျောင်းကော်မတီဖွဲ့စည်းထားခြင်း<br>• ပညာရေးဦးစီးဌာနသို့တင်ပြပြီးဖြစ်ခြင်း | • စာသင်ရန်နေရာအခက်အခဲရှိခြင်း<br>• ကျောင်းသား/သူများအတွက်အန္တရာယ်ရှိ ခြင်း | • ပညာရေးဦးစီးဌာနသို့ထပ်မံတင်ပြခြင်း<br>• ကျေးရွာမှပူးပေါင်းပါဝင်ခြင်း | ၈။ စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း<br>• ကျောင်းကော်မတီနှင့်ရပ်ရွာလူထုပူးပေါင်း ခြင်း<br>• လုပ်အားပါဝင်ခြင်း |
| **ကဏ္ဍ– ကျန်းမာရေး** | | | | | | |
| ၉။ | • မိုးရာသီမြစ်ရေကြီးချိန်တွင်ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်ပါကအခက်အခဲရှိခြင်း | • ဆေးပေးခန်းမရှိခြင်း | • ဆေးပေးခန်းဆောက်လုပ်ရန်မြေနေရာရှိခြင်း<br>• ကျန်းမာရေးဦးစီးဌာနသို့တင်ပြထားခြင်း<br>• ကျေးရွာမှပူးပေါင်းပါဝင်လိုစိတ်ရှိခြင်း | • မြို့သို့သွားရာလမ်း၌ချောင်းရှိသဖြင့် မိုးရာသီ၊မြစ်ရေတက်ချိန် တွင်ချောင်းရေစီးသန် သဖြင့် ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပါက အန္တရာယ်ရှိခြင်း | • ကျန်းမာရေးဦးစီးဌာနသို့ထပ်မံတင်ပြခြင်း | ၈။ ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ပေးရေး<br>• ကျန်းမာရေးဦးစီးဌာနသို့တင် ပြခြင်း<br>• ကျေးရွာလူထုပူးပေါင်းပါဝင် ခြင်း |
| **ကဏ္ဍ– လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား** | | | | | | |
| ၁၀။ | • ကျောင်းသားများ/လူငယ်များအတွက်အားကစားပွဲများပြုလုပ်ရန်အခက်အခဲရှိခြင်း | • အားကစားကွင်းမကောင်းခြင်း<br>• အားကစားပစ္စည်းများမပြည့်စုံခြင်း | • မူလအားကစားကွင်းမြေနေရာရှိခြင်း<br>• ကျောင်းသားများအားကစားကွင်းအဖြစ်အသုံးပြုနေခြင်း | • ကျောင်းတွင်းအားကစားပြိုင်ပွဲများပြုလုပ်ရာတွင်ခက်ခဲခြင်း<br>• လူငယ်များအပန်းဖြေအားကစားပွဲများ ပြုလုပ်ရာတွင်အခက်အခဲရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• ပညာရေးဦးစီးဌာနသို့တင်ပြခြင်း | ၉။လူငယ်များ အားကစားစွမ်း ရည်မြင့်မားလာရေး<br>• အားကစားကွင်းကောင်းမွန် အောင်ပြုလုပ်ခြင်း<br>• အားကစားပစ္စည်းများပြည့်စုံ အောင်ပြုလုပ်ခြင်း |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၇၊ စက်တင်ဘာ။

၂။ ဆင်ပေါင်ဝဲမြို့နယ်၊ လွန်ချီကျေးရွာတွင် ၂၀၁၈ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ။

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်။

# အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ – <br> ကျေးရွာအုပ်စု – <br> မြို့နယ် – <br> တိုင်းဒေသကြီး / ပြည်နယ် – | |
| စီမံချက်အမည် – | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ……………………..(ငွေသား) <br> • ……………………...(ငွေသား) <br> • ………………………(ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး <br> • ကျေးရွာ <br> • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |